**အခန်း (၁၆)**

***Chapter 16***

# အသင်းတော်စည်းမျဉ်းစည်းကမ်း–သမ္မာတရားကိုလက်တွေ့လုပ်ဆောင်ခြင်း

***Truth Practiced – Church Discipline***

## စည်းကမ်းရှိရန် လှုံ့ဆော်မှု

*The Motivation of Discipline*

ကျွန်ုပ်တို့ကယ်တင်ရှင်၏ အကျင့်စရိုက်များနှင့်လုပ်ဆောင်မှုများအတွက် တခုတည်းသော ရည်ရွယ်ချက်သည် သူ၏သားသမီးများသမ္မာတရားထဲ၌ သွားလာလှုပ်ရှားမှုမြင်တွေ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အပေါ်သူ၏ ချစ်ခြင်းမေတ္တာသည် နည်းလမ်းမျိုးစုံဖြင့် ထင်ရှားလျှက်ရှိသည်။မိမိကိုယ်ကို ပေးအပ်ခဲ့သည်။သူက ကျွန်ုပ်တို့ကိုကယ်တင်ခဲ့သည်။ကျွန်ုပ်တို့ကို ပြောင်းလဲစေခဲ့ပါသည်။ကျွန်ုပ်တို့ကို တန်းခိုးပေးခဲ့သည်။ကျွန်ုပ်တို့ထဲ၌ သူအသက်ရှင်သည်။ကျွန်ုပ်တို့ကို လမ်းပြပို့ဆောင်သည်။ဆုံးမသွန်သင်ပြီး ကျွန်ုပ်တို့ကို စည်းကမ်းဖြင့်ထိန်းကွပ်ထားပါသည်။သူ၏သားသမီးတို့အပေါ် သူထားရှိသော ချစ်ခြင်းမေတ္တာအားဖြင့် အရာခပ်သိမ်းသည် လှုပ်ရှားလျက်ရှိသည်။ဗျာဒိတ်ကျမ်း ၃း၁၉ထဲ၌ ဖော်ပြထားသော အကြောင်းအရာတို့ကို ဆင်ခြင်ကြပါစို့။ “ငါချစ်သမျှသောသူတို့၏ အပြစ်ကို ငါစစ်ဆေး၍ သူတို့ကိုဆုံးမတတ်၏။ထို့ကြောင့်ကိုယ်စိတ်ကိုယ်ကို နှိုးဆော်လော့။နောင်တရလော့။”

ဤကဲ့သို့သော မေတ္တာအားဖြင့် လှုပ်ရှားသည့် စည်းကမ်းသည် ခမည်းတော်ဘုရားသခင်၏ အလိုတော်ဖြစ်သော သူ၏သားသမီးတို့သည် သမ္မာတရားကို သိရှိ၍ ထိုသမ္မာတရားထဲ၌ အသက်ရှင်ရန်အတွက် ဖြစ်ပါသည်။ဤချစ်ခြင်းမေတ္တာတရားသည် ခမည်းတော်ဘုရားသခင်က အကောင်းဆုံးဖြစ်သည်ဟူ၍ လည်းကောင်း၊သူ၏သားသမီးများအတွက် အကောင်းဆုံးသောအရာဖြစ်သည်ဟူ၍ လည်းကောင်း၊အသိအမှတ်ပြုခြင်းခံရပါသည်။ဤချစ်ခြင်းမေတ္တာသည်လည်းအမှောင်ထုထဲတွင် နေကြောင်းနှင့်အပြစ်ရှိသော ဆုံးဖြတ်ချက်များနှင့်အတ္တစိတ်ရှိသော ဆုံးဖြတ်ချက်များတို့သည် တခါတရံမိမိအသက်တာထဲ၌ ကြောက်မက်ဖွယ်ရာဖြစ်စေကြောင်းကို သတိပြုသောအသိအမှတ်ပြုခြင်းပင်ဖြစ်သည်။ဖခမည်းတော်သည် ကျွန်ုပ်တို့ကို သာ၍ကြွယ်ဝသော အသက်တာပေးဆပ်နိုင်ဖို့ရန်အတွက် သားတော်ကို စေလွှတ်သည့်နည်းတူ၊ချစ်ခြင်းမေတ္တာကို အခြေခံ၍ဘုရားသခင်ပြင်ဆင်ပေးသော ပြုပြင်ပြောင်းလဲခြင်း၊လမ်းပြပို့ဆောင်ခြင်းနှင့်စည်းကမ်းတို့ကို ကျွန်ုပ်တို့လိုအပ်လျက် ရှိပါသည်။

စည်းကမ်းအားဖြင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာဖော်ပြထားခြင်းကို ဟေဗြဲသြဝါဒစာ ၁၂း၄–၁၁ ထဲတွင် ရှိရသည်။ “ငါသား၊ထာဝရဘုရားဆုံးမတော်မူခြင်းကို မမှတ်ဘဲမနေနှင့်။သင်၏အပြစ်ကို စစ်ဆေးတော်မူသောအခါ စိတ်မပျက်နှင့်။ထာဝရဘုရားသည် ချစ်တော်မူသော သူကိုဆုံးမတော်မူတတ်၏။လက်ခံတော်မူသမျှသောသားတို့ကို ဒဏ်ခတ်တော်မူတတ်၏ဟု သူငယ်တို့ကိုဆိုသကဲ့သို့၊သင်တို့ကို ပြောဆိုသောသြဝါဒစကားကို မေ့လျော့ကြလော့” ခက်ခဲခြင်းကို ဆုံးမခြင်းအဖြစ် သည်းခံလော့။ဘုရားသခင်က မိတ်ဆွေကို သားရင်းပမာဆက်ဆံနေသည်။ဖခင်ဆုံးမခြင်းမရှိသော သားရှိမည်လော? အကယ်၍ မိတ်ဆွေသည် ဆုံးမသွန်သင်မှုမခံစားရသေးပါက (လူတိုင်းသည် ဆုံးမသွန်သင်ခြင်းကို ခံစားရပါမည်) ထိုသူသည် စစ်မှန်သောသားမဟုတ်ဘဲ မတရားသဖြင့်ရသော သားသာဖြစ်ပေသည်။ထို့ပြင် ကျွန်ုပ်တို့အယောက်စီတိုင်းတို့သည် ဆုံးမသွန်သင်ရန်အတွက် အသွေးအသားနှင့်စပ်ဆိုင်သော ဖခင်ကိုယ်စီရှိကြပြီး၊သူတို့၏ ဆုံမခြင်းကို ကျွန်ုပ်တို့ရိုသေလေးမြတ်ကြပါသည်။ဝိညာဉ်ပိုင်းဆိုင်ရာခမည်းတော်ထံသို့ ကျွန်ုပ်တို့သည် မည်မျှဆက်ကပ်ပြီး အသက်ရှင်သင့်ပါသနည်း။ကျွန်ုပ်တို့ဖခင်များက သူတို့အကောင်းဆုံးဖြစ်သည်ဟု ထင်မှတ်

သောအရာများဖြင့် ကျွန်ုပ်တို့ကိုခဏအတွင်းဆုံးမတတ်ကြသည်။သို့သော်ဘုရားသခင်က ကျွန်ုပ်တို့ အတွက် ကောင်းကျိုးကိုရည်စူး၍ ဆုံးမသွန်သင်သည်။သို့မှသာလျှင် သူ၏မြင့်မြတ်ခြင်းကို ကျွန်ုပ် တို့အတူတကွ ခံစားရပါလိမ့်မည်။ဆုံးမသွန်သင်ခြင်းဟူသမျှတို့သည် နှစ်သက်ဖွယ်မကောင်းပေ။နာ ကျည်းစရာကောင်းသည်။သို့သော်လည်း နောင်အခါတွင် ဆုံးမသွန်သင်မှုအောက်မှ ကြီးပြင်းလာ သောသူတို့အပေါ် ဖြောင့်မတ်ခြင်းနှင့်ငြိမ်သက်ခြင်းအသီးတို့ကို ထိုဆုံးမသွန်သင်ခြင်းမှ အသီးသီး ထုတ်လုပ်ပေးပါလိမ့်မည်။

Baker's Evangelical Ditionary of Bitlical Theology ထဲတွင် ဤကဲ့သို့ ဖော်ပြထားပါ သည်။ "ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းကို ခံယူခြင်း၊အဖွဲ့အစည်းနှင့်၎င်း ဦးဆောင်သူများထံမှ ကြားသိရသော ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းခံယူခြင်းတို့သည် မိသားစုတခုဆုံးမသွန်သင် ခြင်းခံယူချက်မှ ဆင်းသက်လာသည် (တရား၊၂၁း၁၈–၂၁၊သုတ္တံ၊၂၂း၁၅၊၁၃း၁၃)။ဘုရားသခင်သည် ကလေးသူငယ်တစ်ဦးကို လမ်းပြပို့ဆောင်သော ဖခင်အဖြစ်ပုံဆောင်ထားပါသည်။.......မိသားစုတခု အဖြစ် ဆုံးမသွန်သင်ခြင်းခံယူချက်ကို ဓမ္မသစ်ကျမ်းထဲတွင် ဆက်လက်ဖော်ပြထားပါသည် (ဧဖက် ၆း၄၊၂တိ ၂း၂၅၊ဟေဗြဲ ၁၂း၅–၁၁)။"

## မိမိကိုယ်တိုင်တစ်ဦးတည်းဆုံးမသွန်သင်ခြင်း

*Personal and Private Dicipline*

ခမည်းတော်ဘုရားသခင်က ငါတို့ကိုမည်ကဲ့သို့ ဆုံးမသွန်သင်ပါသနည်း။သူ၏ဆုံးမသွန် သင်ခြင်းတို့သည် နည်းလမ်းမျိုးစုံနှင့်နည်းစနစ်မျိုးစုံ ပါဝင်ထားပါသည်။သို့သော်တခါတရံ နှုတ်က ပတ်တော်နှင့်သူ၏ ဝိညာဉ်တော်နှစ်မျိုးစလုံး ပါဝင်ရောထွေးနေသည်ကို တွေ့ရှိရသည်။ကိုယ်ရေး ကိုယ်တာနှင့်တစ်ဦးချင်း မိမိကိုယ်ကိုဆုံးမသွန်သင်ခြင်းထဲတွင် နှုတ်ကပတ်တော်နှင့်ဘုရားသခင်၏ စိတ်တော်နားလည်ခြင်းအားဖြင့် ဘုရားသခင်က ကျွန်ုပ်တို့၏အပြစ်များကို ညင်သာစွာဖော်ပြ၍ သမ္မာတရားလမ်းသို့ပို့ဆောင်ပေးထားပါသည်။ကျွန်ုပ်တို့သည် စိတ်အားထက်သန်စွာဖြင့် နောင်တရ သည့်နည်းတူ၊ကျွန်ုပ်တို့၏ စိတ်နှလုံးသားပြောင်းလဲခြင်းနှင့် အတိတ်ကာလတွင် ကျွန်ုပ်တို့ရှုံးနိမ့်ခဲ့ သော အရာများပေါ်တွင် အောင်မြင်ခြင်းရရှိနိုင်ရန်နှင့်တန်ခိုးတော်မှုတ်သွင်းခြင်းတို့ ပြုလုပ်ရန် ဘုရားသခင်သည် နှစ်ထောင်းအားရလျက်ရှိသည်။နှုတ်ကပတ်တော်က ကျွန်ုပ်တို့ကို မည်ကဲ့သို့ သွန်သင်ဆုံးမပါသနည်း? ၂တိ ၃း၁၆ က ဤကဲ့သို့ ကြွေးကြော်ထားပါသည်။ "ထိုကျမ်းစာရှိသ မျှတို့သည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍ ဘုရားသခင်၏လူသည် စုံလင်သော သူ၊ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို၄ါ ပြင်ဆင်ထားသောသူဖြစ်မည်အကြောင်း၊ဩဝါ ဒပေးခြင်း၊အပြစ်ကိုဖော်ပြခြင်း၊ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊သမ္မာတရားကို သွန်သင်ခြင်းကျေးဇူးများ ပြုတတ်၏"။ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို လေ့လာသည့်နည်းတူ၊ဘုရားသခင်၏ ပညတ် တော်များ သတိပြုစေပါသည်။ထို့ပြင် နောင်တရရန်နှင့် သူ၏အလိုတော်ဟူသမျှလုပ်ဆောင်ရန် အခွင့်အရေးပေးထားပါသည်။သုတ္တံ ၆း၂၃ ထဲတွင် "အကြောင်းမူကား၊ပညတ်တော်သည် မီးခွက် ဖြစ်၏။တရားတော်သည် အလင်းဖြစ်၏။အပြစ်ကို ဖော်ပြတတ်သော ဩဝါဒစကားသည်အသက် လမ်းဖြစ်၏" ဟု ဖော်ပြထားပါသည်။အများအားဖြင့်၊ဘုရားသခင်၏ ဆုံးမသွန်သင်မှုသည် နှုတ်ကပတ်တော်လေ့လာခြင်းနှင့်ဆုတောင်းခြင်းဖြစ်သော တရားတော်ကို အာရုံပြုခြင်း၌ ပေါ်ပေါက် လျက်ရှိသည်။လူတိုင်းတဦးချင်းစီပေါ်တွင် ဘုရားသခင်ကသူ၏ နည်းလမ်းကိုပြသကာ ထိုနည်း လမ်းအတိုင်း လုပ်ဆောင်နိုင်ရန်အတွက် ကျွန်ုပ်တို့ကို တန်ခိုးပေးထားပါသည်။

နှုတ်ကပတ်တော်သည် ဘုရားသခင်၏ လမ်းကိုမှန်ကန်စွာသိရှိနားလည်နိုင်ရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်နှင့် အလုပ်လုပ်နေသည်ကို တွေ့ရှိနိုင်ပါသည်။ဥပမာအားဖြင့် တမန်တော် ၁း၈ ထဲတွင် သခင်ယေရှုက ကတိပေးထားချက်ကို တွေ့ရှိနိုင်ပါသည်။ "သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသော ယုဒပြည်၊ရှမာရိပြည်၊မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်။" ကျွန်ုပ်တို့သည် ကယ်တင်ခြင်းရရှိပြီးသောအခါ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ထဲ၌ ကိန်းဝပ်လျက်ရှိသည်။ "အဘယ်သို့နည်း။သင်တို့ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသောဝိညာဉ်တော်တည်းဟူသော သင်တို့အထဲ၌ ကျိန်းဝပ်၍ သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန်တော်ဖြစ်ကြောင်းကိုငှင်း၊မိမိကိုယ်ကို မိမိမပိုင်ကြောင်းကိုငှင်း မသိကြသလော။(၁ကော ၆း၁၉)။ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့အားဘုရားသခင်ပေးသနားတော်မူသော အရာတို့ကို စောင့်ထိန်းရန်အတွက် ကျွန်ုပ်တို့၌ တာဝန်ရှိသည်။၂တိ ၁း၁၄ ထဲတွင် "သင်၌ အပ်ထားသောအရာမြတ်ကို ငါတို့၌ကျိန်းဝပ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် စောင့်ရှောက်လော့" ဟု မိန့်ဆိုထားပါသည်။ ဘုရားသခင်ပေးထားသမျှသော အရာများစောင့်ထိန်းဖို့ရန်အတွက် ကျွန်ုပ်တို့ကို ကူညီပေးသောတန်ဆာပလာသည် သန့်ရှင်းသောဝိညာဉ်တော်၏ ဆုံးမခြင်းပင်ဖြစ်သည်။ဥပမာအားဖြင့် "ဘုရားသခင်သည် ကြောက်တတ်သောစိတ်သဘောကို ငါတို့အားပေးတော်မူသည်မဟုတ်၊တန်ခိုးပါသောစိတ်၊ချစ်တတ်သောစိတ်၊ရှင်းလင်းသောစိတ်သဘောကို ပေးတော်မူ၏" ဟု တမန်တော်ရှင်ပေါလုက ပြန်လည်အသိပေးထားပါသည်။

စည်းကမ်းဟူသမျှတို့သည် ခက်တန်ပြီး လိုက်လျှောက်ရန်ခက်ခဲလှသည်။ "ဆုံးမခြင်းမည်သည်ကား၊ခံရစဉ်အခါ ဝမ်းမြောက်စရာမထင်၊ဝမ်းနည်းစရာထင်တတ်၏။သို့သော်လည်း ဆုံးမခြင်းကိုခံရသောသူတို့သည် နောက်မှငြိမ်သက်ခြင်းနှင့်စပ်ဆိုင်သော ဖြောင့်မတ်ခြင်းအကျိုးကို ခံရကြ၏ (ဟေဗြဲ ၁၂း၁၁)။တဖက်တွင် သုတ္တံ ၁၂း၁ အရ "နည်းဥပဒေသကို ခံချင်သောသူသည် ပညာအတတ်ကို နှစ်သက်၏။ဆုံးမခြင်းကို မုန်းသောသူမူကား၊တိရစ္ဆာန်သဘောရှိသည်။" ကျွန်ုပ်တို့ရွေးချယ်မှုသည် တိကျသေချာသည်။ကျွန်ုပ်တို့သည် ဘုရားသခင်၏ဆုံးမသွန်သင်မှုကို လက်ခံနိုင်သည်။ထို့ပြင် ထိုဆုံးမမှုအားဖြင့်ရရှိသော သမ္မာတရားငြိမ်သက်ခြင်း အသီးကိုရရှိခံစားနိုင်သည်။(သို့မဟုတ်)ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဆုံးမသွန်သင်မှုကို ငြင်းပယ်၍မိုက်မဲမဲအသက်ရှင်နိုင်သည်။

## လူထုပရိသတ်များစုရုံးသော အသင်းတော်၌ဆုံးမခြင်း

*Public Church Discipline*

ညီအစ်ကိုမောင်နှမတစ်ယောက်ယောက်က ဝိညာဉ်တော်သိကျွမ်းနားလည်ခြင်းနှင့်နှုတ်ကပတ်တော် ကွက်ကွက်ကွင်းကွင်းသွန်သင်မှုများကို ငြင်းဆိုသောအခါ ဘာတွေဖြစ်ပွားသနည်း။ယုံကြည်သူတစ်ဦးသည် နှုတ်ကပတ်တော်တားမြစ်ထားခြင်းတို့ကို စိတ်အားထက်သန်စွာ ပွေ့ပိုက်ပြီးလုပ်ဆောင်ပါက ဘာတွေဖြစ်ပွားသနည်း။၁ကော ၁၂ထဲတွင် ကျွန်ုပ်တို့သည် ခန္ဓာကိုယ်တခု၏ အစိတ်အပိုင်းများဖြစ်ကြောင်းကို သေချာဂနစွာ ဖော်ပြထားပါသည်။ကျွန်ုပ်တို့သည် ခန္ဓာကိုယ်၌ရှိသော အင်္ဂါအစိတ်အပိုင်းတို့၏ လုပ်ဆောင်ချက်များနှင့်၎င်း၏ ဆုကျေးဇူးများသင်ယူရရှိသည်သာမက ခန္ဓာကိုယ်၌ရှိသော အင်္ဂါအစိတ်အပိုင်းတခုခုသည် ဖျားနာနေလျှင် ခန္ဓာကိုယ်တခုလုံးသည်လည်း အတူတကွ နာကျင်စွာခံစားကြောင်းကို ကျွန်ုပ်တို့သင်ယူရရှိပါသည်။အခန်းငယ်၂၆ထဲတွင် "သို့ဖြစ်၍၊

အင်္ဂါတခုတည်းဆင်းရဲခြင်းကို ခံရလျှင်၊အင်္ဂါအပေါင်းတို့သည် အတူခံရကြ၏။အင်္ဂါတခုသည် ချီးမြှောက်ခြင်းကို ခံရလျှင်၊အင်္ဂါအပေါင်းတို့သည် အတူဝမ်းမြောက်ရကြ၏”။ကျွန်ုပ်တို့၏ ညီအစ်ကိုအပြစ်လုပ်မိပြီး နောင်တမရသောအခါ ခန္ဓာကိုယ်တခုလုံးကူးစက်၍ ထိုအပြစ်ကြောင့် ခန္ဓာကိုယ်တခုလုံးသည်လည်း ဆင်းရဲခြင်းဒုက္ခခံစားရသည်။သတိထားဘို့ရန် မှတ်ထားစရာကတော့ “သင်တို့သည် ခရစ်တော်၏ ကိုယ်ဖြစ်ကြ၏။အသီးသီးအင်္ဂါတော်ဖြစ်ကြ၏။” (၁၂း၂၇)။ဆက်လက်၍၊အပြစ်ပြုမိသောညီအစ်ကို တယောက်ကူညီခြင်းသည် မိသားစုတခုလုံး၏ တာဝန်ဝတ္တရားဖြစ်သည်။ချစ်ခြင်းမေတ္တာကိုအခြေခံ၍ ကူညီမစရပေမည်။မိသားစုတခုအဖြစ်တွေ့ဆုံခြင်းကို စောင့်ထိန်းနိုင်ရန်နှင့်ညီအစ်ကို အပြစ်ဆက်လက်ဆက်ဆံနိုင်ရန် ကျွန်ုပ်တို့သည် အပြစ်ပြုသောညီအစ်ကိုနှင့်ငင်း ပြုမိသောအပြစ်ကို ထိတ်တိုက်ရင်ဆိုင်ရပေမည်။

ဤအကြောင်းနှင့်ပတ်သက်၍ ပြောကြားချက်များ များစွာတွေ့ရှိနိုင်သော်လည်း၊မဿဲ ၁၈ နှင့် ဂလာတိ ၆ထဲတွင် အရေးကြီးသောအဓိက အချက်ကြီးနှစ်ခုတို့ကို တွေ့ရှိနိုင်ပါသည်။ထိုအကြောင်းအရာနှစ်ခုတို့သည် တခုနှင့်တခုမကြာခဏ ကိုးဏားညွှန်ပြထားသောကြောင့် တင်ပြသောအကြောင်းအရာတို့သည် တခုနှင့်တခုကိုးကားဖော်ပြရန် အလွန်လွယ်ကူသည်။

“ထို့ကြောင့် သင်၏ညီအစ်ကိုသည်သင်ကိုပြစ်မှားလျှင် သူ့ဆီသို့သွား၍ နှစ်ယောက်တည်းချင်းသူ၏အပြစ်ကိုပြ၍ ဆုံးမလော့။သူသည် သင်၏စကားကို နားထောင်လျှင်ညီအစ်ကိုကို ရပြီ။သို့မဟုတ် သင်၏စကားကို နားမထောင်လျှင် လူနှစ်ဦးသုံးဦးသက်သေခံ၍ စကားရှိသမျှတို့ကို တည်စေခြင်းငှါ ကိုယ်နှင့်စာတူလူတဦးနှစ်ဦးကို ခေါ်ဦးလော။ထိုသူတို့၏ စကားကိုနားမထောင်လျှင် အသင်းတော်အားဖြင့်ကြားပြောလော့။အသင်းတော်၏ စကားကိုနားမထောင်လျှင် သာသနပလူကဲ့သို့၎င်း၊အခွန်ခံကဲ့သို့၎င်း ထိုသူကိုမှတ်လော့။ငါအမှန်ဆိုသည်ကား၊မြေကြီးပေါ်မှာသင်တို့ချည်နှောင်သမျှသည် ကောင်းကင်ဘုံ၌ ချည်နှောင်လျက်ရှိလိမ့်မည်။မြေကြီးပေါ်မှာ ဖြေလွှတ်သမျှသည် ကောင်းကင်ဘုံ၌ ဖြည်လွှတ်လျက်ရှိလိမ့်မည်။တဖန်ငါဆိုသည်ကား၊မြေကြီးပေါ်မှာ သင်တို့တွင်နှစ်ယောက်တို့သည် သဘောချင်းတူ၍ ဆုတောင်းလျှင် တောင်းသမျှဆုတို့ကို ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏ခမည်းတော်သည်ပေးတော်မူလတံ့။အကြောင်းမူကား၊အကြင်အရပ်၌ လူနှစ်ဦးသုံးဦးတို့သည် ငါ၏နာမကို ထောက်၍စည်းဝေးကြ၏။ထိုအရပ်၌ သူတို့အလယ်မှာငါရှိသည်ဟု မိန့်တော်မူ၏”။(မဿဲ ၁၈း၁၅–၂၀)။

ညီအစ်ကိုတို့လူသည် သတိလစ်၍တစုံတခုသော ဒုစရိုက်ကိုပြုမိလျှင်၊ဝိညာဉ်ဆုကျေးဇူးကို ခံရသော သင်တို့သည် အပြစ်သွေးဆောင်ခြင်းနှင့်ကိုယ်တိုင် လွတ်မည်အကြောင်း၊ကိုယ်ကိုသတိပြုလျက် သိမ်မွေ့နူးညံ့သော သဘောနှင့်ထိုသိုသောသူကို မစ၍၊သူ၏နေရာ၌တည်မြဲတည်စေပြန်ကြလော့။ထမ်းရွက်ဝန်ချင်းတို့ကို အချင်းချင်းကူညီ၍ ထမ်းရွက်သောအားဖြင့် ခရစ်တော်၏တရားကို ကျင့်ကြလော့။(ဂလာတိ ၆း၁–၂)။

**ပထမခြေလှမ်း**

*The First Step*

ဘုရားသခင်အတွက် ဖန်ဆင်းခြင်းသည် ကြီးလေးသောကိစ္စရပ်မျိုးလုံးဝမဟုတ်ပေ။စူးစမ်းရှာဖွေရေးကော်မတီ အဖွဲ့လည်မရှိပေ။သို့မဟုတ် လူတိုင်း၏အသက်တာထဲတွင် အပြစ်တွေ့ရှိရန်အတွက် တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်းလည်းမရှိပေ။ကျွန်တော်တို့သည် ခရစ်တော်ထဲ၌ အသက်ရှင်လာသည့်နှင့်အမျှနည်းတူ၊ရင်းနှီးကျွမ်းဝင်ခြင်းနှင့်မိတ်သဟာယဖွဲ့ခြင်း၌ ထိုးတက်သည့်နည်းတူ ကျွန်တော်တို့သည် တခြားသူများ၏အသက်တာ၌ ဖြစ်ပျက်သောအရာများကို အလိုလိုပို၍

သတိပြုနိုင်ပေမည်။ကျွန်တော်တို့သည်ခရစ်တော်ထဲ၌ ဘဝအသက်တာလျှောက်လှမ်းပြီး လူတစ်ယောက်အပြစ်လွန်ကျူးသည်ဟု တွေ့ရှိသည့်နည်းတူ (သို့) ညီအစ်ကိုတစ်ယောက်တစ်ယောက်အပြစ်ပြုသည်ဟု တွေ့မိခဲ့လျှင် ကျွန်ုပ်တို့သည် ထိုညီအစ်ကိုကိုယ်စားလုပ်ဆောင်ရန် တာဝန်ရှိသည်။အသင်းတော်လူကြီးများဦးဆောင်သူများသာလျှင် သာသနာလုပ်ငန်းခွင်အတွက် ဆောင်ရွက်ရန်ခေါ်ထားခြင်းမဟုတ်ဘဲ ကျွန်ုပ်တို့အားလုံးပူပေါင်းဆောင်ရွက်ရန် ခေါ်ထားခြင်းကို သိရှိခြင်းသည် အရေးကြီးသည်။မိတ်ဆွေသည် ညီအစ်ကိုတစ်ယောက်အပြစ်ပြုမိသော ညီအစ်ကိုထံသွားသင့်ပေသည်။ထိုတို့ အပြစ်ဖွင့်ပေးသောသူအတွက် သတ်မှတ်ထားသော အရည်အချင်းသည် ထိုညီအစ်ကိုကို ညီအစ်ကိုရင်းဖြစ်သည်ဖြစ်စေ၊ဝိညာဉ်ရေးရာ၌ တော်စပ်သည်ဖြစ်စေအသက်ရှင်သော ဘုရားသခင်၏ ဝိညာဉ်တော်သည်ထိုသူအထဲ၌ ကျင့်ဝတ်ရပေမည်။

ထိုကဲ့သို့ အခြေအနေမျိုး၌မိတ်ဆွေသည် အသုံးတော်ခံရန် ဘုရားသခင်ရွေးကောက်ခဲ့ပါက မိတ်ဆွေဆောင်ရွက်ရန် ပထမခြေလှမ်းသည် ဆုတောင်းခြင်းနှင့်မိမိလှုပ်ရှားမှုစစ်ဆေးခြင်းပင် ဖြစ်သည်။ကျွန်ုပ်တို့သည် ထိုညီအစ်ကိုကို ချစ်ခြင်းမေတ္တာနှင့်ဆောင်ရွက်ပေးပါသလော။သိမ်မွေ့သောနှလုံးသားဖြင့် လုပ်ဆောင်ပါသလော။ထိုညီအစ်ကိုကို ဘဝအသစ်တည်ဆောက်ရန် ကြိုးစားနေပါသလော။ကျွန်ုပ်တို့သည် ထိုညီအစ်ကိုကဲ့သို့ စုံစမ်းသွေးဆောင်ခြင်းကို ခံစဉ်တွင်သတိပြုမိပါသလော။အကောင်းဆုံးသည် ဆုများများတောင်းခြင်းဖြစ်သည်။ထိုနောက်အပြစ်ပြုမိသော ညီအစ်ကိုတစ်ယောက်နှင့်မျက်နှာချင်းဆိုင်၍ စကားပြောခြင်းမပြုမီ သေချာစဉ်းစားရပေမည်။

ဆုတောင်းခြင်းနှင့် မိမိကိုယ်ကို ဆန်းစစ်ခြင်းအားဖြင့် ပြင်ဆင်ခဲ့ပြီးသည့်နောက်လုပ်ဆောင်ရမည့်လုပ်ငန်းသည် အပြစ်ပြုမိသော ညီအစ်ကိုထံကိုယ်တိုင်သွားရောက်ပြီး “သူ့အမှားကို ကိုယ်တိုင်ဖွင့်ပြခြင်း” ဖြစ်သည်။ဤနိယာမသည် ဘုရားသခင်၏ နည်းလမ်းဖြစ်သည်ဟု ကျွန်တော်နားလည်ခဲ့သည်။တဘက်မှ ကြည့်ပါက ဆုံးမသွန်သင်ခြင်းအများစုတို့သည် တစ်ဦးချင်းစီတွေ့ဆုံ၍ဆောင်ရွက်ခြင်းဖြစ်သည်။တစ်ဦးချင်းစီဆုံမခြင်းသည်လည်း လူတစ်ဦးတစ်ယောက်နှင့်ဆိုင်သည့်ဆုံးမခြင်းနှင့်အများပြည်သူလူထုနှင့်သက်ဆိုင်သည့် ဆုံးမခြင်းကို စီမံပေးထားပါသည်။သခင်ယေရှုက “လူတစ်ဦးတစ်ယောက်နှင့်ဆိုင်သော လုပ်ဆောင်ခြင်း” ကို အဓိကထားပါသည်။ကျွန်ုပ်တို့သည် ပရိသတ်ရှေ့မှောက်၌ စိတ်အနှောက်အယှက်ထပ်မံမဖြစ်ပွားစေရန် မိမိကိုယ်ကို အားမာန်ဖြင့်၎င်း၊သေချာစဉ်စားခြင်းဖြင့်၎င်း၊တကူးတက ကာကွယ်သောအခါ ဘုရားသခင်က ကျွန်ုပ်တို့ကို စောင့်ထိန်းကာကွယ်ခြင်းသည် ဘယ်လောက်အခွင့်ကောင်းဖြစ်ပါသနည်း။တစ်ဦးချင်းစီဆုံးမသွန်သင်ခြင်းပြီးသွားပြီးနောက် အများလူထုနှင့်သက်ဆိုင်သော ဆုံးမခြင်းပထမခြေလှမ်းသည် အပြစ်သားတစ်ယောက်နောင်တရစေခြင်းဖြစ်သည်။မိသားစုဝင်အဖြစ် အသိအမှတ်ပြုသည်။ထုံးစံရှိသည့်အတိုင်း ထိုသူက တခြားလူတွေ၏အပြစ်ကို မျက်နှာချင်းဆိုင်ဖော်ပြသည့်အပြင်၊သူကိုယ်တိုင်ကိုလည်း အပြစ်ပြုမိပါက ထိတ်တိုက်ရင်ဆိုင်ရပေမည်။

သန့်ရှင်းသောဝိညာဉ်တော်က အပြစ်ဖော်ပြရန်နှင့်နားလည်စေရန်အတွက် အချိန်ပေးရမည်၊လူအများစုတို့၏ ပထမဦးစားပေးသော အပြုအမူသည်သူတို့အတွက် နောက်ဆုံးသောအပြုအမူမဟုတ်ပေ။မိမိညီအစ်ကို မိတ်ဆွေအာရုံစိုက်သိရှိလိုသော အရာများစဉ်းစားတွေးခေါ်နိုင်ရန်အတွက်သူ့ကို အခန်းတခုချပေးရမည်။သန့်ရှင်းသောဝိညာဉ်တော်အလုပ်လုပ်ခြင်းကို အချိန်ဇယားရေးဆွဲ၍ကန့်သတ်ခြင်းမပြုပါနှင့်။သို့သော်ဆုတောင်းခြင်းကို သိရှိနိုင်ရန်နှင့်အကြံကောင်းများရရှိအတွက်မိမိကိုယ်ကို သူ့ထံသို့ဆက်ကပ်ရမည်။ချက်ချင်းနောင်တရခြင်းသည် ပထမဆုံးလိုအပ်သော တုံ့ပြန်မှုဖြစ်သည်ဟု မမျှော်လင့်အပ်ချေ။ညီအစ်ကိုတစ်ဦး၏အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော်အလုပ်လုပ်ခြင်းကို ကြည့်ရှုမြင်တွေ့ခြင်းသည် အခွင့်အရေးတစ်ခုပင်ဖြစ်သည်။မိမိအပေါ်အချိန်ပေးစေ

လိုသည့်အတိုင်း ညီအစ်ကိုတစ်ယောက်ကို အချိန်ပေးခြင်းသည် ညီအစ်ကိုစိတ်ပြောင်းလဲနိုင်အကောင်းဆုံးသော နိယာမဖြစ်သည်။

ညီအစ်ကိုက မိတ်ဆွေဆုံးမမှုကို နားထောင်ပါက ထိုညီအစ်ကိုမိတ်ဆွေသည် အနိုင်ရခြင်းဖြစ်သည်။ကိစ္စအားလုံးပြီးဆီးသွား၍ ပြန်လည်ထိတ်တိုက်ရင်ဆိုင်ရန် မလိုအပ်တော့ပေ။ပထမမြင်တွေ့နိုင်သော အသီးအပွင့်သည် နောင်တရခြင်းပင်ဖြစ်သည်။ထိုနောက် ထိုညီအစ်ကိုသည် စိတ်နှလုံးသားဖြူစင်ရမည်။သို့မှသာစုံစမ်းနှောက်ယှက်ခြင်းလာသောအခါ ထိုသူက ကျမ်းစာကိုစွဲကိုင်၍ အောင်မြင်ခြင်းရပါလိမ့်မည်။ထိုညီအစ်ကိုအတွက် ဆက်လက်ဆုတောင်း၍ အကြံပြုရပေမည်။ညီအစ်ကိုကို ထိတ်တိုက်ရင်ဆိုင်၍ အပြစ်ဖော်ပြပေးနိုင်ရန်အတွက် ဆုတောင်းခြင်းနှင့်အကြံပြုခြင်းကို ပြုလုပ်ရပေမည်။သို့မှသာ အောင်မြင်ခြင်းရရှိပါလိမ့်မည်။

## ဒုတိယခြေလှမ်း

*The Second Step*

ထိုညီအစ်ကိုတစ်ယောက်က နားမထောင်လိုသောအခါ နောင်တရရှိရန်ငြင်းပယ်သောအခါ ကျွန်ုပ်တို့သည် ဘယ်အရာကိုလုပ်ဆောင်သင့်သနည်း။သခင်ယေရှုက "မိမိညီအစ်ကိုက နားထောင်ခြင်းမပြုလျှင် တခြားလူတစ်ဦး (သို့) သုံးဦးကိုခေါ်သွားလော့။သို့ပြုလျှင် ဆွေးနွေးသမျှသော ကိစ္စအားလုံးတို့ကို သက်သေခံနှစ်ဦးသုံးဦးက ထောက်ခံပါလိမ့်မည်။" ဒုတိယခြေလှမ်းနှင့်ပတ်သက်သော လူထုပရိတ်သတ်ဆုံးမခြင်းသည် မြောက်များစွာရေးသားခဲ့ပြီးဖြစ်သည်။တချို့သောသူတွေက သက်သေခံနှစ်ဦး (သို့) နှစ်ဦးထက်များသော သက်သေခံရှိခြင်းသည် မှန်ကန်သောတရားစွဲဆိုခြင်းဖြစ်သည်ဟု အကြံပြုထားပါသည်။တခြားသူတွေက သက်သေခံနှစ်ဦး (သို့) နှစ်ဦးထက်ပိုများခြင်းသည် ညီအစ်ကိုများကို အပြစ်ပြုမိသည်ဟု သက်သေခံခြင်းဖြစ်ကာ၊အကျင့်စာရိတ္တပြုပြင်ပြောင်းလဲဖို့ဆုံးဖြတ်ရန်နှင့်ထိုညီအစ်ကိုများနှင့် ထိတ်တိုက်ရင်ဆိုင်ရာတွင် လူနှစ်ဦးတို့ပါဝင်၍ မှန်ကန်သော လုပ်ဆောင်ခြင်းဖြစ်သည်ဟု ယုံကြည်ကြသည်။ဤခြေလှမ်းသည်တစ်ဦးတည်းနှင့်ဆိုင်သော ဆုံးမသွန်သင်ခြင်းမှ အများပြည်သူလူထုနှင့်ဆိုင်သော ဆုံးမသွန်သင်ခြင်းသို့ ကူးပြောင်းခြင်းဖြစ်သည်။၎င်းသည် သာ၍ကြီးမားသော လုပ်ဆောင်ခြင်းသို့ ကူးပြောင်းလာခြင်းမျိုးဖြစ်ပြီး၊ထိုကဲ့သို့ အများပြည်သူများရှေ့မှောက်၌ လုပ်ဆောင်ပါက အပြစ်ပြုသူတို့သည် အပြစ်ကိုစွန့်ပယ်၍ နောင်တရပါလိမ့်မည်။

ကျွန်ုပ်တို့သည် သက်သေခံနှစ်ဦး (သို့) သုံးဦးတို့နှင့်အတူ အပြစ်ပြုမိသောညီအစ်ကို ထံသွားရမည်။ထိုသက်သေခံသူတို့သည် မည်သူတွေဖြစ်ကြပါသနည်း။ကျွန်ုပ်တို့ယုံကြည်မှုဖော်ပြရလျှင် ထိုသူတို့သည် အပြစ်ပြုမိသည်ဟု သက်သေခံမည့်သူတွေ မဟုတ်ပဲ ထိုသူတို့သည် အပြစ်နှင့်ရင်ဆိုင်ခဲ့သည့်အကြောင်းသက်သေခံသူတွေများဖြစ်ကြသည်။ထိုကဲ့သို့ သက်သေခံမည်သူတို့သည် နှုတ်ကပတ်တော်ထဲ၌ မွေ့လျော်နှစ်ဝင်အမြစ်ခွဲသူများနှင့်အပြစ်သွေးဆောင်ခြင်းကို အောင်မြင်သူများဖြစ်ရမည်။သက်သေခံသူတို့သည် ဒုက္ခရိုက်ပြုသူနှင့်ဖြစ်စေ၊ထိုသူကိုဆုံးမသူနှင့်ဖြစ်စေ၊ဆက်နွယ်မှုရှိရမည်။သူတို့က အခြေအနေဆောင်ရွက်မှုများကို သေချာစွာလေ့လာပြီး အပြစ်ဖော်ပြသူနှင့် အပြစ်ပြုမိသူကြားတွင် စည်းရုံးရေးလုပ်နိုင်သူဖြစ်ရမည်။အဘယ်ကြောင့်ဆိုသော် ထိတ်တိုက်ရင်ဆိုင်တွေ့ဆုံခြင်းသည် တခါတလေ စကားများခြင်းနှင့်တိုက်ခိုက်မှုများပေါ်ပေါက်လာတတ်ခြင်းကြောင့် ဖြစ်သည်။သက်သေခံသူများသည် အသင်းတော်၌ အမှုတော်ဆောင်သူများကဲ့သို့ စိတ်နူးညံ့သိမ်မွေ့ခြင်းရှိရပေမည်။အပြစ်ပြုမိသောသူတစ်ဦးနှင့်ထိတ်တိုက်ရင်ဆိုင်ရာတွင် သက်သေခံနှစ်ဦး (သို့) သုံးဦး

တို့က အပြစ်ပြုမိသူနောင်တရကာ ဘဝသစ်ပြန်လည်တည်ဆောက်နိုင်ရေးကို ပန်းတိုင်ထား၍ ကူညီရမည်။ထို့ပြင် မှန်ကန်သောဦးတည်ချက်သို့ ရွေ့လျားနိုင်ရေးကို ရှေးရှု၍ ဆွေးနွေးတိုင်ပင်နိုင်ရန် ရေလာမြောင်းပေးရပေမည်။တခါခရုံအပြစ်ဖော်ပြခြင်းခံရသူက ဇဝေဇဝါပြုကာ ဦးတည်ချက်ပြောင်းရေးအတွက် ကြိုးစား၍ သူအပြစ်ကိုဖော်ပြသူ (သို့) ဖော်ပြသူများကို တိုက်ခိုက်တတ်သည်။ထို့ပြင် သူပြုသော အပြစ်ဒုစရိုက်ဆက်လက်ကျင့်သုံးရန် ထိတ်တိုက်ရင်ဆိုင်ခြင်းခံရသူက တောင်းဆိုတတ်ပြီး တခါတရံပွင့်လင်းစွာဖြင့် ငြင်းပယ်တတ်ပါသည်။ထိုအဖွဲ့နှစ်ခုကို တည်ငြိမ်စွာနေနိုင်ရန် ထိတ်တိုက်ရင်ဆိုင်တွေ့ဆုံရာတွင် ညီအစ်ကိုတစ်ယောက်အပေါ် ချစ်ခြင်းမေတ္တာကို အခြေခံ၍တွေ့ဆုံခြင်းဖြစ်ကြောင်းကို သေချာနိုင်ရန်နှင့်ဆုံးဖြတ်ချက်ချမှတ်သည့်တိုင်အောင် ဆွေးနွေးတိုင်ပင်နိုင်ရန်သက်သေခံသူများက ကူညီပေးရမည်။

## တတိယခြေလှမ်း

*The Third Step*

သက်သေခံနှစ်ဦးသုံးဦးတို့နှင့်အတူ တစ်ဦးချင်းတွေ့ဆုံသွားပြီးနောက် နောင်တရခြင်းအသီးအပွင့်မရှိလျှင် ဆုံးမသွန်သင်သူနှင့်သက်သေခံသူများတို့က အသင်းတော်သို့ ၎င်းအခြေအနေကို တင်ပြရလိမ့်မည်။၎င်းအသင်းတော်သည် ဝိညာဉ်ပိုင်းဆိုင်ရာ အသင်းတော်သို့မဟုတ်ပဲ ယုံကြည်သူများတွေ့ဆုံဆွေးနွေးသည့်နေရာ ဒေသန္တရအသင်းကို ဆိုလိုခြင်းဖြစ်သည်။ထိုသို့တင်ပြရာတွင် အပြစ်၏သဘာဝ သူတို့ဆွေးနွေးခဲ့ပြီးသောအခြေအနေ၏ ခြေလှမ်းနှင့်ဆွေးနွေးခဲ့ပြီးသောအကြောင်းအရာတို့၏ အကျိုးတက်ရောက်မှုများပါဝင်ရမည်။ပထမအကြိမ်တင်ပြခြင်းသည် လူကြီးများတွေ့ဆုံဆွေးနွေးသည့် နေရာဖြစ်ရမည်။သို့မှသာလျှင် ပေါ်ပေါက်လျက်ရှိသော အပြစ်အပျက်အားလုံးနှင့် (ရှိခဲ့ပါက) ဆုံးဖြတ်ချက်များကို လူကြီးတိုင်းက သူတို့၏သားသမီးများနှင့်ဇနီးသည် များထံပြောဆိုဖို့ကောင်း/မကောင်း ဆုံးဖြတ်ပါလိမ့်မည်။အသင်းတော်သို့ ပြောဆိုရာတွင် အပြစ်ဖော်ပြထားခြင်းလည်းပါဝင်သည့်နည်းတူ မရင့်ကျက်သေးသော ယုံကြည်သူများနှင့်သားသမီးများအားတွေးတောရန် အချက်များပေးရမည်။ဂလာတိဩဝါဒစာထဲတွင် ဆုံးမသွန်သင်ခြင်းအမှုပြုသောသူသည် ဝိညာဉ်ရေးရာ၌ ရင့်ကျက်ပြီး စိတ်နှလုံးနူးညံ့သိမ်မွေ့သူဖြစ်ရမည်ဟု ဖော်ပြထားခြင်းကို မှတ်သားထားပါ။ဘဝအသစ်တည်ဆောက်ပေးခြင်းပန်းတိုင်ကို ပရိတ်သတ်များရှေ့မှောက်၌ အလျှင်အမြန်လုပ်ဆောင်ရမည်။အဘယ်ကြောင့်ဆိုသော် မှားယွင်းသောအတွေးအခေါ်သည် အပြစ်ဖြစ်၍ ထိုမှားယွင်းခြင်းထဲ၌ မြောက်မြားသော ညီအစ်ကိုမောင်နှမတို့လည်းပါဝင်နိုင်ခြင်းကြောင့်ဖြစ်သည်။ဟန်ဆောင်ခြင်း၊ဆဲဆိုခြင်း၊ပြဿနာကို ပုံကြီးချဲ့၍ ပြောဆိုခြင်းနှင့်မှားယွင်းသော အကျင့်စရိုက်စသည်တို့ကို ကြဉ်ရှောင်ရမည်။အဓိက ရည်ရွယ်ချက်သည် ဘဝအသစ်ပြန်လည်ထူထောင်ခြင်းဖြစ်သည်။ညီအစ်ကိုတစ်ယောက်ကို အသေသတ်ခြင်းမဟုတ်ပေ။ယခုဒေသန္တရအသင်းတော်တွင်ရှိသောယုံကြည်သူအားလုံးတို့သည် ညီအစ်ကိုတစ်ယောက်ကို ဆုံးမသွန်သင်ခြင်းနှင့်ကူညီခြင်းတို့၌ ပါဝင်ကြသည်။

လောက၌ လူတန်းစား ၂ရပ်ရှိသည်။၎င်းတို့မှာ ကယ်တင်ခြင်းရ၍ အသင်းတော်၌ ပါဝင်သူများနှင့်အသင်းတော်၏ အပြင်ဘက်တွင်ရှိသူများဟူ၍ ဖြစ်သည်။ရှင်မဿဲခရစ်ဝင် ၁၈ ထဲတွင် သခင်ယေရှုက သူ၏တပည့်တော်များစကားပြောခဲ့သည်။ထိုအချိန်တွင် အသင်းတော်မရှိသေးပေ။သခင်ယေရှုက နောင်တရခြင်းမရှိသော ညီအစ်ကိုများကို ဟေလသလူအဖြစ်သတ်မှတ်သင့်သည်ဟု ပြောခဲ့သောအခါ သူကသူ၏ဆွေမျိုးဂျူးလူမျိုးတို့ကို ပြောလိုခြင်းဖြစ်သည်။အပြစ်ပြုသောညီအစ်ကို

တို့သည် ပဋိညာဉ်နှင့်ပတ်သက်သည့် မိသားစုဝင်မဟုတ်ကြောင်း သာသနာပလူဖြစ်ကြောင်း ဘုရားသခင်၏ ကျေးဇူးတော်ထဲတွင် မရှိကြောင်းကိုဖော်ပြလိုခြင်းဖြစ်သည်။ကောရိန္သုမြို့၌ ရှိသော ယုံကြည်သူများထံသို့ ပို့ဆောင်သောစာများထဲတွင် အကောင်းဆုံးသော ဥပမာများထဲမှ တခုကို တွေ့ရှိရသည်။၎င်းစာဆောင်များထဲတွင် မိမိအဘွားနှင့်ကာမဆက်ဆံမှုပြုသူများကို ညီအစ်ကိုရာထူးမှ ပယ်ဖြတ်ရမည်ဖြစ်ကြောင်းနှင့်ဒုတိယစာစောင်ထဲတွင် ထိုကဲ့သို့သူများကို အသင်းတော် မိတ်သဟာရသို့ ပြန်လည်ခေါ်ဆောင်ရမည်ဖြစ်ကြောင်း တမန်တော်ရှင်ပေါလုက ပြောထားသည်။တခြားသောခြေလှမ်းသည် နောင်တရခြင်းနှင့်ဘဝသစ်တည်ဆောက်ခြင်းတို့ဖြစ်စေပါသည်။

## အကျဉ်းချုပ်
*Summary*

ကောင်းသောသိုးထိန်းက ပျောက်သောသိုး၏နောက်သို့အမြဲတမ်းလိုက်ရသည်။အံ့ဘွယ်ဖွယ်ကောင်းသော သတင်းကောင်းသည် အပြစ်ပြုမိသူတစ်ယောက် နောင်တရရန်မိမိကိုယ်တိုင်နည်းလမ်းမတွေ့တော့သည့်အချိန်မှာ ထိုသူအတွက်နောင်တလမ်းကို ပြင်ဆင်ပေးထားခြင်းပင်ဖြစ်သည်။ထိုကဲ့သို့သော သူများကို မိတ်သာဟာရအဖွဲ့သို့ ခြေစုံပစ်ပါဝင်ရေးကို ရည်ရွယ်၍ ဘဝသစ်ပြန်လည်တည်ဆောက်ပေးသောအခါ ပြန်လည်၍အသုံးတော်ခံနိုင်ဖို့ရန်အတွက် ချစ်ခြင်းမေတ္တာကိုအခြေခံ၍ကောင်းမွန်စွာ ပြုလုပ်ပေးသော ဘဝတည်ဆောက်ပေးခြင်းမိတ်သဟာရကို မှီခိုနိုင်ပါသည်။ဤကဲ့သို့သော သမ္မာကျမ်းစာလမ်းညွှန်ချက်တို့သည် လူတစ်ယောက်ဘဝသစ်ပြန်လည်တည်ဆောက်ပေးနိုင်ရန်အတွက် လမ်းပြပေးသော ခြေလှမ်းများဖြစ်ပါသည်။အောက်တွင်ဖော်ပြထားသောအခြေခံသဘောတရားများကို ဆင်ခြင်လိုက်စမ်းပါ။

၁။ဆုံးမခြင်းမအတွက် လှုံ့ဆော်မှုသည် ဖခမည်းတော်၏ ချစ်ခြင်းမေတ္တာပင်ဖြစ်သည်။

၂။ဆုံးမသွန်သင်ခြင်းအများစုသည် တစ်ဦးချင်းစီနှင့်အုပ်စုလိုက်နှင့်သက်ဆိုင်သည်။

၃။ဆုံးမသွန်သင်ခြင်းအများစုသည် နှုတ်ကပတ်တော်လေ့လာခြင်းနှင့်ဆုတောင်းခြင်း၊ယုံကြည်သူတစ်ဦး၏အသက်တာ၌ သန့်ရှင်းသောဝိညာဉ်တော်ပါဝင်လှုပ်ရှားခြင်းအားဖြင့်ပြီးမြောက်ပြည့်စုံသည်။

၄။အပြစ်ပြုခြင်းသည် မိသားစုမှပေါ်ပေါက်လာခြင်းဖြစ်သည်။တခါတရံအပြစ်ပြုမိသောသူကိုယ်တိုင်နှင့်ထိုသူ၏ မိသားစုကိုယ်စား အသင်းတော်၌ရှိသော ယုံကြည်သူများက ၎င်းအပြစ်နှင့်ရင်ဆိုင်ရပေမည်။

၅။ဘုရားသခင်ကိုယ်တိုင်က အပြစ်ကိုဖွင့်ပြသူဖြစ်ပြီး အရာအားလုံးကိုအလင်းသို့ပို့ဆောင်ပေးသောသူဖြစ်ပါသည်။

၆။ခရစ်တော်၏ခန္ဓာကိုယ်ထဲတွင်ရှိသော ဝိညာဉ်ပိုင်းဆိုင်ရာရင့်ကျက်သူအားလုံးကို ဤကဲ့သို့သောသာသနာလုပ်ငန်းပြုရန် ခေါ်ဆောင်ခြင်းခံရသူများဖြစ်သည်။

၇။ဆုံးမသွန်သင်ခြင်းမပြုမီ ဆုတောင်းခြင်းနှင့်မိမိကိုယ်ကို ဆန်းစစ်ခြင်းတို့လိုအပ်သည်။

၈။အပြစ်ပြုမိသောညီအစ်ကိုထံ ဆုံးမသွန်သင်ရန်သွားသောအခါ သတိပြုသင့်သည့်အချက်တစ်ခုကတော့ သူတစ်ယောက်တည်းနေသည့်အချိန်မှာ သွားရောက်၍ သူတစ်ဦးတည်းနှင့်စပ်ဆိုင်သည့်အကြောင်းကိုသာ ဆွေးနွေးခြင်းဖြစ်သည်။

၉။မိမိအကြံပြုချက်ကို အပြစ်ပြုသောညီအစ်ကိုက ငြင်းပယ်ပါက သက်သေခံနှစ်ဦး/သုံးဦးကို ခေါ်၍သွားရောက်သင့်ပါသည်။

၁၀။ "ညီအစ်ကိုသည် မိမိအကြံပြုချက်ကို ငြင်းဆိုလျှင် အသင်းတော်အားထိုအကြောင်းတွေကိုပြော

ပြုပါ”။

၁၁။ “ထပ်မံ၍ ညီအစ်ကိုက အသင်းတော်၏ဆုံးမမှုကို ငြင်းပယ်ပါကသူ့ကို ဟေလသလူမျိုး အဖြစ်နှင့်အခွန်ခံသူအဖြစ်သတ်မှန်ရမည်။”

***- Mike Indest***